# USING FACEBOOK

## Part(1)

## Basic Features,Profile & Friends

◢Facebook သုံးတော့မယ်ဆိုရင် Home page ၊ Profile page တို့အပါအဝင် အခြေခံ feature အချို့နှင့် အခေါ်အဝေါ်များကို သိထားဖို့လိုပါမယ်။ (စာ - 1 )

◢Facebook သုံးရန်အတွက် email account တစ်ခုနှင့် မြန်မာလိုရိုက်ချင်သူများအတွက် မြန်မာစာ ယူနီကုတ်ဖောင့် တစ်ခု ရှိဖို့လိုပါမယ်။ free email ဖြစ်တဲ့ Yahoo Mail နှင့် ZawGyi font တို့အား ရယူပုံများကို ဖော်ပြထားပါတယ်။ (စာ - 7 )

◢Facebook account တစ်ခု ရှိဖို့လိုသလို မိတ်ဟောင်းဆွေဟောင်းများဖြင့် ပြန်လည် ဆုံစည်းနိုင်ဖို့ ဘယ်သူဘယ်ဝါ ကျွန်ုပ်ဖြစ်ကြောင်းကိုယ်ရေးအကျဉ်း ၊ ဓာတ်တူ မိတ်ဆွေ များ ရှိဖို့ မိမိရဲ့ဝါသနာနှင့် စိတ်ဝင်စားတာတို့ကို ဖော်ပြနိုင်ရပါမယ်။ facebook account တစ်ခု register လုပ်ပုံအဆင့်ဆင့်နှင့် profile ရေးပုံများကို ဖော်ပြထားပါတယ်။ (စာ - 12 )

◢Facebook account ဆောက်စဉ်တုန်းက ပေးခဲ့တဲ့ အမည်ကို မကြိုက်လို့ ပြင်ချင်တာ မြန်မာလိုပါပေးချင်တာ ၊ password ပြောင်းချင်တာ ယာယီတခဏ အသုံးမပြုလိုသေးလို့ deactivate လုပ်ထားချင်တာ၊ အဲဒီလို စီမံခန့်ခွဲမှုကိစ္စတွေကို account settings ကနေ လုပ်နိုင်ပါတယ်။ ဒါ့အပြင် password မေ့သွားတဲ့အတွက် အသစ် တောင်းခံခြင်း ၊ help center မှာအဖြေရှာခြင်းတို့ကိုလည်း သိထားသင့်ပါတယ် (စာ - 30 )

◢Facebook အသုံးအတွက် အရေးအကြီးဆုံးသည် friend ဖြစ်ပါတယ်။ သည့်အတွက် friend တို့အား ရှာဖွေတတ်ရမယ် ၊ မိတ်ခေါ်တတ်ရမယ်၊ တဖက်က မိတ်ခေါ်ခြင်းကို လက်ခံတတ်ရပါမယ်။ friend တွေများလာတဲ့ အခါမှာလည်း တွေ့ရာဖွဲ့ပြီး friend list များ တည်ဆောက်၍ စနစ်တကျ ပြင်ဆင်တတ်ရပါမယ်။ (စာ - 38 )

# USING FACEBOOK

## Part(2)

## Sharing ,Messaging & Privacy

◢Facebook သုံးတဲ့ ရည်ရွယ်ချက်ကိုက သတင်းအချက်အလက်များကို မျှဝေဖို့အတွက်ကြောင့် ဖြစ်ပါတယ်။ သည့်အတွက် facebook မှာ အကြောင်းအရာမျိုးစုံကို အသွင်သဏ္ဍာန် အမျိုးမျိုးဖြင့် မျှဝေနိုင်အောင် စီစဉ်ထားပေးပါတယ်။ Update status များရေးတင်ခြင်း၊ Link များ share ပေးခြင်း၊ Notes များရေးတင်ခြင်း၊ Question (Poll) ဖြင့် စစ်တမ်း ကောက်ယူခြင်း၊ တို့ဖြစ်ပါတယ်။ အဲဒီလို ရေးတင်တတ်ရုံဖြင့် မလုံလောက်သေးပါဘူး လိုအပ်ရင် တင်ပြီးသားကို ဖျက်ထုတ်တာကို ၊ Unsubscribe လုပ်တာတို့ အပါအဝင် Comment ပေးခြင်း၊ Like လုပ်ခြင်းတို့ကိုလည်း သိထားရပါမယ်။ (စာ - 51 )

◢Message ဆိုတဲ့နေရာမှာ နှစ်ပိုင်းရှိတယ်။ မိမိရဲ့ facebook friend တွေအချင်းချင်း ပေးပို့မယ့် Text message နှင့် facebook မသုံးတဲ့ သူတွေဆီကို ပေးပို့နိုင်မယ့် email message တို့ဖြစ်ပါတယ်။ email message အတွက် facebook ထံမှ email address တစ်ခုရယူထားရပါမယ်။ ဒါ့အပြင် GTalk ကဲ့သို့ အသုံးပြုနိုင်သော facebook chat အသုံးကို လိုတိုရှင်း ဖော်ပြထားပါတယ်။ (စာ - 67 )

◢Facebook ကို ထိထိဝင်ဝင် သုံးမည့်သူတွေအတွက်တော့ privacy သည်အလွန်ပင် အရေးကြီးပါတယ်။ privacy မှာလည်း နှစ်ပိုင်းရှိတယ်လို့ဆိုနိုင်ပါမယ်။ ပထမတစ်ပိုင်းက post တွေတင်တဲ့နေရာမှာ audiance selector ကနေ ဘယ်သူတွေသာ ရပါစေ ဆိုတာမျိုး ရွေးတင်တဲ့ အပိုင်းဖြစ်ပါတယ်။ (စာ - 76 )

◢Privacy ဒုတိယပိုင်းက profile မှာဖော်ပြမယ့် ကိုယ်ရေးအချက်အလက်တွေထဲက အချို့အား ဘယ်သူ တွေ ကို ဖော်ခွင့်ပြုမယ် ၊ ဘယ်သူတွေကိုတော့ ဖော်ခွင့်မပြုဘူး၍ ကန့်သတ်ခြင်း၊ အချို့ user တို့အား Block လုပ်ခြင်းတို့ဖြစ်ပါတယ်။ (စာ - 85 )